

# Super hero
## ဇာတ်ကောင်တွေ စုံစုံလင်လင်နဲ့
## DC UNIVERSE Online Game

ငယ်ငယ်တုန်းကတည်းက ရှုးရှုးမူးမူး ဖတ်ခဲ့ရဖူး စုဆောင်းခဲ့ရဖူးတဲ့ ကာတွန်းစာစောင်တွေဟာ ယနေ့ခေတ်အခါမှာတော့ အတော်လေး ရှားပါးနေတဲ့အပြင် မြန်မာလူငယ်လူရွယ်တွေထဲမှာ ဖတ်တဲ့သူတောင်မရှိသလောက်ဖြစ်နေပါတယ်။ နိုင်ငံတကာမှာ လွန်ခဲ့တဲ့ အနှစ် ၅၀ ခန့်ကတည်းက စတင်ပေါ် ပေါက်လာခဲ့ပြီး ယနေ့ခေတ်အချိန်အထိ မရိုးနိုင်လောက်အောင် ရေပန်းစားလှတဲ့ ကာတွန်းစာစောင်တွေရဲ့ နာမည်ကျော် ဇာတ်ကောင်တွေဟာ digital ခေတ်မှာတော့ ရုပ်ရှင်၊ video နဲ့ game ဇာတ်ကောင်တွေအဖြစ် အသွင်ပြောင်း တွေ့ရှိ လာရပါတယ်။ »

ကာတွန်းစာစောင်တွေထဲမှာ နာမည်အကြီးဆုံးဖြစ်ကြတဲ့ Marvel နဲ့ DC Comics က super hero ဇာတ်ကောင်တွေကတော့ ခေတ်အဆက်ဆက် နာမည်ကျော်ကြားနေဆဲပါပဲ။

DC Comics ရဲ့ ဇာတ်ကောင်တွေထဲမှာ Superman ၊ Batman ၊ Wonder Woman ၊ Flashတို့ကို လူကြိုက်များလှပြီး ယင်းတို့ရဲ့ ရုပ်ရှင်ဇာတ်လမ်းတွေ၊ ကာတွန်းရုပ်ရှင်နဲ့ စာစောင်ဇာတ်လမ်းတွေ၊ computer game တွေ အများကြီးထွက်ခဲ့ပြီးပါပြီ။ ဒါ့ပေမဲ့ နောက်ထပ် ဇာတ်လမ်းအသစ်အသစ်တွေလည်း ထွက်ရှိနေဆဲပဲ ဖြစ်ပါတယ်။ ထူးခြားလှတဲ့ အချက်တစ်ခုကတော့ DC Comics စာစောင်ဟာ မတူညီတဲ့ နောက်ခံသမိုင်းကြောင်း အမျိုးမျိုးရှိနေကြတဲ့ super hero တွေရဲ့ ဇာတ်လမ်းတစ်ခုချင်းစီကို တစ်ခုတည်းဖြစ်သွားအောင် ပေါင်းစပ်ခဲ့ပြီး ဇာတ်လမ်းဆင်ထားခြင်း ဖြစ်ပါတယ်။ အဲဒီ ဇာတ်လမ်းကို DC Universe (DCU) ဟု အမည်ပေးထားခဲ့ပါတယ်။

၂၀၁၁ ခုနှစ်ရဲ့ နှစ်ဆန်းပိုင်းမှာတော့ DC Comics ကာတွန်းစာစောင်တွေထဲက ယင်း DCUဟာ DC Universe Online (DCUO) အမည်နဲ့ MMORPG အမျိုးအစား online gameတစ်ခု ဖြစ်လာခဲ့ပါပြီ။ Sony Online Entertainment(SOE) မှ ရေးဆွဲထုတ်လုပ်ထားပြီး EverQuestနဲ့ ကမ္ဘာကျော် game developerဖြစ်ခဲ့တဲ့ Chris Caoက DCUO game directorအဖြစ် တာဝန်ယူ ရေးဆွဲထားပါတယ်။ ဇာတ်လမ်းတစ်ခုလုံးကို အဓိက တာဝန်ယူရေးသားသူက နာမည်ကျော် ကာတွန်းရေးဆွဲသူ Geoff Johns ဖြစ်ပါတယ်။

Sony ကုမ္ပဏီကြီးဟာ DC Universe Online game ကို ဒီနေ့ခေတ်စားနေတဲ့ World of Warcraft တို့လို MMORPGတွေနဲ့ ပုံစံမတူတဲ့ game အမျိုးအစား အသစ်ဖြစ်လာစေဖို့ ရည်ရွယ်ထားတယ်လို့ ဆိုပါတယ်။ MMORPG တွေရဲ့စံနမူနာတွေဖြစ်တဲ့ leveling system တိုးမြှင့်ပုံ၊ inventories သိမ်းဆည်းပုံ၊ raid တိုက်ပွဲ စတဲ့ အချက်အလက်တွေကိုပဲ အခြေခံထားပြီး လက်ရှိ MMORPG တွေထက်ပိုပြီး interactive ဖြစ်လာစေနိုင်ဖို့ ဦးတည်ထားတာဖြစ်ပါတယ်။ World of Warcraft ထဲမှ Alliance နဲ့ Horde အဖွဲ့လိုမျိုးပဲ ယခု DCUO မှာတော့ hero တွေနဲ့ villain တွေဆိုပြီး ခွဲခြားထားပါတယ်။ Game world တစ်ခုလုံးမှာ hero နဲ့ villain တွေအတွက် သီးသန့်ကိုယ်ပိုင်နယ်မြေတွေ သတ်မှတ်ပေးထားခြင်းမရှိဘဲ လွတ်လွတ်လပ်လပ်ကူးလူးသွားလာနိုင်မှာဖြစ်ပါတယ်။



ထူးခြားဆန်းကျယ်လှတဲ့ ဇာတ်လမ်းတစ်ခုလုံးရဲ့ အစကတော့ လက်ရှိ hero နဲ့ villain တွေရဲ့ တိုက်ပွဲကြမ်းကြီးဟာ အနာဂတ်ကာလမှာတော့ သွေးထွက်သံယိုတွေ၊ ရှုံးနိမ့်ကျဆုံးမှုတွေနဲ့ ပြီးဆုံးသွားပေမယ့် အဲဒီအချိန်ကျမှ တကယ့် ဘုံရန်သူဂြိုဟ်သားတွေက ပေါ်ထွက်လာပါတယ်။ Supermanတို့လို ကမ္ဘာ့လူစွမ်းကောင်းကြီးတွေ ကျဆုံးသွားချိန်မှာ သူတို့ရဲ့ တန်ခိုး power အစွမ်းအစတွေကို လျှို့ဝှက် ခိုးယူထားတဲ့ ရန်သူဂြိုဟ်သား Brainiacတို့ဟာ ယုတ်မာကောက်ကျစ်တဲ့ အကြံအစည်တွေနဲ့ ကမ္ဘာကြီးကို သိမ်းပိုက်နိုင်တော့မှာ ဖြစ်ပါတယ်။ ဒီလို နောက်ဆုံးအချိန်မှာ မသေသေးဘဲကျန်ရစ် နေခဲ့တဲ့ villain ဉာဏ်ကြီးရှင်လူသား LexLuthor ဟာ ဘုံရန်သူဂြိုဟ်သားတွေကို ပြန်လှန်ခုခံတိုက်ခိုက်နိုင်ဖို့ အစီအစဉ်တစ်ခုကို အကောင်အထည် ဖော်ခဲ့ပါတယ်။

Lex Luthorဟာ ကမ္ဘာ့လူစွမ်းကောင်း အားလုံးရဲ့ တန်ခိုး power အစွမ်းအစတွေကို ထည့်သွင်းသိမ်းဆည်းထားတဲ့ Exobyte တွေကို Brainiac တို့ထံမှ ပြန်လည်ခိုးယူပြီး Time Machine အချိန် ခရီးသွားစက်မှတစ်ဆင့် ယနေ့ပစ္စုပ္ပန်ကာလဆီသို့ ကူးပြောင်းထွက်ပြေးလာခဲ့ပါတယ်။

အဲဒီနောက်မှာတော့ ကမ္ဘာ့လေထုအတွင်း Exobyte တွေကို ဖောက်ခွဲဖျက်ဆီး ပစ်လိုက်တာကြောင့် ရိုးရိုးသာမန်လူသားတွေအားလုံးဟာ power အစွမ်းအစတွေ ရရှိပိုင်ဆိုင်သွားကြပြီး လူစွမ်းကောင်းတွေအဖြစ် အသွင်ပြောင်းသွားခဲ့ကြပါတယ်။ ဒါကြောင့် hero တွေနဲ့ villain တွေဟာ Brainiac တို့ကို ခုခံတိုက်ခိုက်ပြီး ကမ္ဘာကြီးကို ပြန်လည်ကယ်တင်မလား၊ မိမိတို့ရဲ့ super power အစွမ်းအစတွေနဲ့ပဲ ကမ္ဘာကြီးကို သိမ်းပိုက်ကြမလား စဉ်းစားစရာပါပဲ။

စတင်ဆော့ကစားမယ့်သူဟာ hero ၊ ဒါမှမဟုတ် villain အဖြစ် ရွေးချယ်ကစားရာမှာ ပထမဦးစွာ မိမိရဲ့ လက်ဦးဆရာကို ရွေးချယ်သတ်မှတ်ပေးရပါမယ်။ ဥပမာ hero ဘက်မှာSuperman ၊ Batman ၊ Wonder Woman ၊ villain တွေဘက်မှ Lex Luthor ၊ The Joker ၊ Circe တို့ဖြစ်ပါတယ်။ မိမိရဲ့လူစွမ်းကောင်းဇာတ်ကောင် ရွေးချယ်သတ်မှတ်ရာမှာလည်း မိမိစိတ်ကြိုက် တန်ခိုး power၊ လက်နက်ဆန်း၊ အသုံးအဆောင်ကိရိယာ၊ ရွေ့လျားပုံ၊ ရုပ်ရည်ပုံစံ၊ အဝတ်အစားတွေမှအစ အသေးစိတ် သတ်မှတ်ပေးနိုင်ပါတယ်။ နမူနာပုံစံတွေလည်း ထည့်သွင်းရေးဆွဲပေးထားပါသေးတယ်။ Hero ရော villain ပါ စတင်ရောက်ရှိပြီး ဆော့ကစားရမယ့် နေရာတွေကတော့ ကာတွန်းစာစောင်တွေထဲက နာမည်ကျော်မြို့ကြီးတွေ ဖြစ်တဲ့ Metropolis နဲ့ Gotham City တို့ဖြစ်ပါတယ်။ Hero အဖြစ်ကစားရင် hero အသင်းကြီးတည်ရှိရာ Justice League Watch-



tower ကို အရောက်သွားရပြီး villain တွေကတော့ သူတို့ရဲ့ ဌာနချုပ်ဖြစ်တဲ့ Legion of Doom ကို သွားရပါလိမ့်မယ်။ အဲဒီနောက်ပိုင်းမှာတော့ ကစားသူဟာ မိမိရဲ့ လက်ဦးဆရာနဲ့ မိမိအဖွဲ့မှ အခြားအဖွဲ့သားတွေကို ပေးပို့လိုက်တဲ့ assignment တွေကို လက်ခံရရှိလာပြီး ယင်းတို့ကို တာဝန်ယူ လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ World of Warcraft ထဲက quest တွေအတိုင်းပါပဲ။

ရန်သူတွေနဲ့ ရင်ဆိုင်တိုက်ခိုက်မှုများကိုလည်း စနစ်ပုံစံ အမျိုးမျိုး သတ်မှတ်ပေးထားပါတယ်။ ချိတ်ဆက် ကစားသူ တစ်ဦးတစ်ယောက်ချင်း PvP တိုက်ခိုက်ရတဲ့ တိုက်ပွဲငယ် ပုံစံ(Arena)၊ နာမည်ကျော် ဇာတ်ကောင်တွေရဲ့နေရာမှ PvP အစားထိုးဝင်ရောက် တိုက်ခိုက်ရတဲ့ တိုက်ပွဲပုံစံ (Legends)၊ အဖွဲ့သားအချင်းချင်း Co-Ops ပူးပေါင်းဆောင်ရွက်ရတဲ့ အဖွဲ့ Mission ပုံစံ (Alerts)၊ ရန်သူတွေနဲ့ အဖွဲ့လိုက် တိုက်ခိုက်ရတဲ့ တိုက်ပွဲကြီးတွေပုံစံ (Raid) စတဲ့ တိုက်ပွဲတွေကိုလည်း ဆင်နွှဲရ ပါလိမ့်မယ်။

DC Universe Online game ကို PC တွေနဲ့ သာမက PlayStation 3 နဲ့ပါ online ချိတ်ဆက်ကစားနိုင်မှာ ဖြစ်ပါတယ်။ Computer software ရဲ့ အနိမ့်ဆုံး လိုအပ်ချက်တွေက တော့ Intel Dual Core 3.0 GHz Processor၊ 2 GB RAM ၊ Nvidia 8800 GTX+ (or) ATI 3800 Series' graphic၊ 30 GB HDD တို့ဖြစ်ပါတယ်။




Sony Online Entertainment ဟာ DCUO ကို ၂၀၀၈ ခုနှစ် ကတည်းက စတင်စီစဉ်ရေးဆွဲခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလမှာတော့ PlayStation network ပေါ်မှာ PlayStaion Plus member အားလုံးကို အခမဲ့ စမ်းသပ်ဆော့ကစားခွင့် ပေးခဲ့ပြီး ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ၊ ၁၁ ရက်နေ့မှာ တရားဝင် စတင်ထုတ်လွှင့်ပေးခဲ့ပါတယ်။ ဆော့ကစားရမယ့် လစဉ်ကြေး ကိုတော့ အမေရိကန်နိုင်ငံမှာ ၁ လ လျှင် ၁၅ ဒေါ်လာ၊ ၃ လ အတွက် ၄၂ ဒေါ်လာနဲ့ ၆ လ အတွက် ၇၈ ဒေါ်လာ ကျသင့် မှာဖြစ်ပါတယ်။

Game သက်တမ်းရှိသရွေ့ ဆော့ကစားချင်ရင်တော့ တစ်သက်စာ နှုန်းထားက ဒေါ်လာ ၂၀၀ ဖြစ်ပါတယ်။ စတင် လွှင့်တင်တာ အချိန်သိပ်မကြာသေးပေမယ့် ပထမဆုံးလ မှာတင် ပစ္စည်းပြတ်လပ်သွားတဲ့အထိ အရောင်းရဆုံး game အမျိုးအစား ဖြစ်လာခဲ့ပါတယ်။ အားလုံးကို ခြုံငုံသုံးသပ်ရရင် လောလောဆယ်မှာ online ဆော့ကစားသူအရေအတွက်နည်း နေသေးတာကြောင့် အမြင့်ဆုံး level ကို အမြန်ဆုံးရောက် ရှိသွားပြီး ဇာတ်လမ်းဆက်စရာ မရှိတော့ဘဲ ရိုးအီသွားနိုင် ပါတယ်။

ဒါပေမဲ့ ပုံမှန် MMORPG အမျိုးအစားတွေနဲ့ ကွဲပြားနေပြီး action ပုံစံအပြည့်နဲ့ ဆော့ကစားရ တာကတော့ ပျော်စရာကောင်းလွန်းလှပါတယ်။ မကြာခင်ရက်ပိုင်းကပဲ ကြေငြာထားသလို game ဇာတ်လမ်းအဆက်တွေကို မကြာခဏ ဆက် လက် ချဲ့ထွင်သွားရင်တော့ DCUO ရဲ့ Metropolis နဲ့ Gotham City ထဲကနေ ဘယ်တော့မှ ပြန်ချင်မှာ မဟုတ် တော့ပါဘူး။ ■

MJD






# ကြိုတင်မှာယူထားသင့်တဲ့

# DEUS EX

## HUMAN REVOLUTION™

လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကတည်းက စပြီး PC game တွေကို ဆော့ကစားခဲ့ဖူးသူဆိုရင် Deus Ex အကြောင်း ကောင်းကောင်းကြားဖူးပြီး ဖြစ်နေပါလိမ့်မယ်။ Game အခွေပေါင်း သန်းနဲ့ချီရောင်းချခဲ့ရပြီး အကောင်းဆုံး game ဆုတံဆိပ်တွေ သတ်မှတ်ခြင်းခံခဲ့ရတဲ့ Deus Ex ဟာ သူ့ခေတ် သူ့အခါတုန်းကတော့ ထူးခြားဆန်းသစ်လှတဲ့ ပုံစံအသစ်အဆန်းတွေနဲ့ နာမည်ကျော်ကြားခဲ့ပါတယ်။

## Game မိတ်ဆက်

Deus Ex ဟာ သာမန် first person shooter အမျိုးအစား game ပုံစံကို role playing နဲ့ adventure ဆန်ဆန် gameplay အမျိုးစုံ ပေါင်းစပ်ထားပြီး အနာဂတ်သိပ္ပံ စိတ်ကူးယဉ် CyberPunk ဇာတ်လမ်း ဖြစ်နေတာကြောင့်ပါပဲ။ ၂၀၀၀ ခုနှစ်မှာ series ရဲ့ ပထမဆုံး Deus Ex ထွက်ရှိခဲ့ပြီး ၂၀၀၃ ခုနှစ်မှာတော့ Deus Ex ရဲ့နောက်ဆက်တွဲ Deus Ex : Invisible War ထွက်ရှိခဲ့ပါတယ်။ ယခု ၂၀၁၁ ခုနှစ်မှာတော့ တတိယမြောက် game







ဖြစ်တဲ့ Deus Ex : Human Revolution ထွက်ရှိလာပါတော့မယ်။

## Deus Ex

Ion Storm Inc မှရေးဆွဲပြီး Eidos Interactive က ၂၀၀၀ ခုနှစ်မှာ ထုတ်လုပ်ဖြန့်ချိခဲ့တဲ့ Deus Ex ဟာ Gameplay ပုံစံမျိုးစုံကို အောင်အောင်မြင်မြင် ပေါင်းစပ်နိုင်ခဲ့တဲ့ ပထမဆုံး game အဖြစ်ထင်ရှားခဲ့ပါတယ်။ ဇာတ်လမ်းအရ သိပ်မဝေးတဲ့ အနာဂတ်ကာလ ၂၀၅၂ ခုနှစ်မှာ ဇာတ်အိမ်တည်ပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးမှ ဖွဲ့စည်းတည်ထောင်ထားတဲ့ United Nations Anti-Terrorists Coalition Organization (UNATCO) အဖွဲ့ရဲ့ agent အဖြစ် အဓိကဇာတ်ကောင် JC Denton က အကြမ်းဖက်သမားတွေကို လိုက်လံနှိမ်နင်းတဲ့ ဇာတ်လမ်းဖြစ်ပါတယ်။ ဆော့ကစားရတဲ့ game ဇာတ်လမ်း တစ်ခုလုံးမှာ ပြင်ပလက်တွေ့မှာ အမှန်တကယ်ရှိနေသလို conspiracy တွေအဖြစ် Area-51၊ The Illuminati ၊ Hong Kong Triads ၊ Majestic 12 တို့ကို တွေ့ရှိနေရတာဟာ အတော်လေး စိတ်လှုပ်ရှားစရာတွေပါပဲ။

## Deus Ex: Invisible War

၂၀၀၃ ခုနှစ်မှာ ထွက်ရှိလာတဲ့ နောက်ဆက်တွဲ game ဖြစ်တဲ့ Deus Ex : Invisible War ဟာလည်း ပထမ game လိုပဲ အောင်မြင်မှုတွေ ရရှိခဲ့ပါတယ်။ ဒီဇာတ်လမ်းကိုတော့





တွေကို ၂၁ မျိုးအထိ အဆင့်မြှင့် တပ်ဆင်နိုင်မှာ ဖြစ်ပါတယ်။

အဲဒီအစွမ်းတွေကြောင့် ဇာတ်ကောင်ရဲ့ combat ၊ stealth ၊ hacking နဲ့ social အစွမ်းတွေကို မြင်တွေ့ရပါလိမ့်မယ်။ ခက်ခဲမှု အဆင့်တွေကို ၃ ပိုင်း ခွဲခြားထားပြီး casual ၊ normal နဲ့ Deus Ex အဆင့်တွေ အဖြစ် ခေါ်ဆိုထားပါတယ်။ ဇာတ်လမ်း အစအဆုံးကို အပြီးသတ်ဆော့ကစားနိုင်ဖို့ အနည်းဆုံးနာရီ ၃၀ ကျော်ခန့် ကစားရမယ်လို့ ခန့်မှန်းရပါတယ်။

## ကြိုတင်မှာသူတွေအတွက် လက်ဆောင်

Deus Ex : Human Revolution ဟာ တစ်ကယ်တမ်း game မထွက်သေးခင်ကတည်းက နာမည်ကျော်ကြားနေပြီး မျှော်လင့်စောင့်စားနေတာတောင် အတော်ကြာနေပါပြီ။ ထွက်မယ့်ရက်ကို ရွှေ့ဆိုင်းလိုက်တာကြောင့် မကျေမနပ်ဖြစ်နေသူတွေလည်း မနည်းပါဘူး။

ဒါပေမဲ့ Square Enix ကတော့ မထွက်ခင်ကတည်းက ပုံမှန်ရောင်းချမယ့် standard edition နဲ့ အကန့်အသတ်နဲ့သာ ရောင်းချမယ့် limited edition တွေအတွက် ကြိုတင်ရောင်းချပေးနေပါတယ်။ အဲဒီလို ကြိုတင်မှာယူသူတွေ အတွက်လည်း မက်လောက်စရာ bonus feature တွေ လက်ဆောင်ပေးမယ်လို့လည်းဆိုပါတယ်။ လက်ဆောင်အဖြစ် Explosive Mission Pack ကိုရရှိမှာဖြစ်ပြီး အပို game mission တစ်ခုကို ဆော့ကစားနိုင်မယ့်အပြင် game အတွင်း အသုံးပြုနိုင်မယ့် အပိုလက်နက်ဆန်းတွေ ပါဝင်ပါလိမ့်မယ်။

၁၀ ဒေါ်လာ ဈေးပိုပေးရမယ့် limited augmented edition မှာတော့ making DVD ၊ soundtrack CD ၊ ကာတွန်းစာအုပ်၊ စာစောင် စတာတွေလက်ဆောင်ရရှိမှာဖြစ်ပါတယ်။ Deus Ex : Human Revolution ကို မျှော်လင့်စောင့်စားနေသူတွေ အနေနဲ့ တစ်ကယ်တမ်း ထွက်ရှိလာချိန်မှပဲ ဝယ်ယူဆော့ကစားမှာလား၊ အပိုလက်ဆောင်တွေကိုလည်း မက်မောပြီးကြိုတင်မှာယူကာ ဝယ်ထားမလား ဆိုတာကို စဉ်းစားစိတ်ကူးယဉ်နိုင်ကြပါပြီ။

**MJD (4AM Digital Services)**














ပထမဇာတ်လမ်းအပြီး နှစ်ပေါင်းနှစ်ဆယ်အကြာမှာ ဇာတ်လမ်း စတင်ထားပါတယ်။ အဓိက ဇာတ်ကောင်ကတော့ Alex D ဖြစ်ပြီး သဘာဝဘေးအန္တရာယ်ဖြစ်ရပ်ကြီး The Collapse ကြောင့် ကမ္ဘာကြီးကို ပြန်လည်ပြုပြင် ပြောင်းလဲနေချိန်မှာ ချီကာဂိုမြို့ကြီးကို တိုက်ခိုက်ဖျက်ဆီးတဲ့ အကြမ်းဖက်သမားတွေကို Alex D မှ လိုက်လံစုံစမ်းနှိမ်နင်းရတဲ့ ဇာတ်လမ်းဖြစ်ပါတယ်။

## Deus Ex : Human Revolution

အခု အသစ်ထွက်ရှိလာမယ့် Deus Ex အသစ်ကတော့ အရင် game တွေရဲ့ (sequel) နောက်ဆက်တွဲဇာတ်လမ်း အနေနဲ့ မဟုတ်ဘဲ အရင်ဇာတ်လမ်းတွေထက် ပိုစောပြီး ကြိုတင်ဖြစ်ပျက်ခဲ့တဲ့ (Prequel) အကြိုဇာတ်လမ်း ဖြစ်နေပါတယ်။ ဒီ game ကို Eidos Montreal က ရေးဆွဲပေးထားပြီး ပထမဆုံးဇာတ်လမ်းထက် ၂၅ နှစ် ပိုစောကာ ၂၀၂၇ ခုနှစ်မှာ ဇာတ်လမ်းစတင်ထားပါတယ်။ အဓိက ဇာတ်ကောင်မှာ Adam Jensen ဖြစ်ပြီး ပထမဇာတ်လမ်းတွေထဲမှာ အသုံးချရမယ့် စိတ်ကူးယဉ် သိပ္ပံနည်းပညာတွေ မတီထွင်ရသေးမီ၊ UNATCO အဖွဲ့ကြီး မဖွဲ့စည်းရသေးတဲ့ အချိန်ကာလဖြစ်ပါတယ်။

Deus Ex အသစ်ကို လွန်ခဲ့တဲ့အချိန် ၃ နှစ်ကျော် ၂၀၀၇ ခုနှစ်ကတည်းက စတင်ကြေငြာထားခဲ့ပြီး ၂၀၀၉ ခုနှစ်မှာတော့ Square Enix က ထုတ်လုပ်ဖြန့်ချိပေးမှာဖြစ်ကြောင်းသိရှိခဲ့ရပါတယ်။ ၂၀၁၁ ခုနှစ် အစောပိုင်းမှာ စတင်ဖြန့်ချိမယ်လို့ ဆိုထားပေမယ့် DLC အပိုင်းတွေ ဆက်လက်ရေးဆွဲနေတာကြောင့် စတင်ဖြန့်ချိမယ့်ရက်ကို ဧပြီလ ၁ ရက်နေ့ နောက်ပိုင်းအထိပြောင်းရွှေ့ထားပါတယ်။ Game အမျိုးအစားကိုလည်း PC game အဖြစ်သာမကပဲ console game စက်များဖြစ်တဲ့ PlayStation 3 နဲ့ Xbox 360 တို့အတွက်ပါ ရေးဆွဲထားတယ်လို့ ဆိုပါတယ်။

Single player အဖြစ် ဆော့ကစားရမှာဖြစ်ပြီး multi-player ချိတ်ဆက်ပြီး ဆော့ကစားလို့တော့ မရပါဘူး။ ဒီ game ထဲမှာ Adam Jensen ဆိုတဲ့ဇာတ်ကောင်ဟာ augmentation နည်းပညာများကြောင့် လူ့ကိုယ်ခန္ဓာမှာ အဆင့်မြင့် cybernetic enhancement သိပ္ပံစက်ပစ္စည်းတွေ ပေါင်းစပ် တပ်ဆင်ထားပြီး အစွမ်းသတ္တိတွေ ရရှိပိုင်ဆိုင်သွားမှာ ဖြစ်ပါတယ်။ Crysis ထဲက Nano suit အစွမ်းတွေ လိုမျိုးပါပဲ။ ဇာတ်ကောင်ဟာ cybernetic enhancement